# ၁၉၇၉ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာဥပဒေ
# [၁၉၇၉ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁]

နိဒါန်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အနှစ် ၂၀ နှစ်ရှည်စီမံကိန်းနှင့် တတိယလေးနှစ် စီမံကိန်းလမ်းညွှန်မှုများတွင် ပါရှိသည့်ရည်မှန်းချက်နှင့် တတိယလေးနှစ်စီမံကိန်း(၁၉၇၈-၇၉ မှ ၁၉၈၁-၈၂) တို့၏ ရည်မှန်းချက်များကို ရရှိစေရန် အလို့ငှာ၊ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၇၉ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များ ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၉၇၉-၈၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၇၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်ရမည်။

## အခန်း(၂)
## စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးကအတည်ပြုပြဋ္ဌာန်းခဲ့သော တတိယ လေးနှစ် စီမံကိန်းနှင့်အညီ ရေးဆွဲထားသည့် တတိယလေးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၁၉၇၉-၈၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက် ရည်မှန်းချက်များကို ရရှိနိုင်ရန် ယင်းကဏ္ဍများနှင့် ယှဉ်တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက်အကောင်အထည် ဖော်ကြရမည်။

----- Footnote -----

[ပင်ရင်း- ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၉၇၉ ခုနှစ် ဥပဒေများ၊ နည်းဥပဒေများ စာအုပ်မှ ကူးယူတင်ပြသည်။]

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ၁၉၇၉ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာဥပဒေ၏ နောက်ဆက်တွဲဇယား

Myanmar Law Information System (MLIS)